# ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်
# ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၁၅) ရက် ညပိုင်းအစီအစဉ်

**ဗွီအိုအေ။** ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိုင်းနဲ့ပြည်နယ်ဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို မနက်ဖြန် နိုဝင်ဘာလ (၁၆) ရက်နေ့မှာ ရန်ကုန်မြို့မှာကျင်းပမယ်လို့သိရပါတယ်။ ဒီအကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရ ပုဂ္ဂိုလ်ဦးလွင်နဲ့ဆက်သွယ်မေးမြန်းပြီး ဗွီအိုအေမြန်မာပိုင်းဌာန ထိုင်းအခြေစိုက်သတင်းထောက် ဒေါ်အေးအေးမာက အခုလိုသတင်းပေးပို့ထားပါတယ်။ နားဆင်တော်မူကြပါခင်ဗျာ။

**ဒေါ်အေးအေးမာ။** ။ သောတရှင်များရှင်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းအပါအဝင် ပြည်နယ်နဲ့တိုင်းတွေအသီးသီးမှာ ကော်မတီအဖွဲ့တွေအသစ်ပြန်လည်ဖွဲ့စည်းလျက်ရှိနေပြီး နိုဝင်ဘာလ (၁၆) ရက်နေ့မှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဌာနချုပ်မှာ တိုင်းနဲ့ပြည်နယ်အသီးသီးကအဖွဲ့ချုပ်ခေါင်းဆောင်တွေ ဆွေးနွေးပွဲပြုလုပ်မယ်လို့လည်းသိရှိရပါတယ်။ ဒီဆွေးနွေးပွဲအတွင်းမှာတော့ ထူးခြားမှုအခြေအနေတွေလည်းရှိနိုင်ပြီး ဆွေးနွေးပွဲအပြီးမှာတော့ ဘာတွေကိုလုပ်ဆောင်မလဲဆိုတာကိုတော့ မသိရှိရသေးပါဘူး။ ဒီအကြောင်းနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ပြောခွင့်ရှိသူဦးလွင်ကို ဆက်သွယ်မေးမြန်းကြည့်ခဲ့ပါတယ်။ အန်ကယ်တို့ ရန်ကုန်တိုင်းက ပြန်လည်ဖွဲ့စည်းတာတွေ ဘာတွေလုပ်တယ်ကြားလို့။

**ဦးလွင်။** ။ ဟုတ်ပါတယ်။

**ဒေါ်အေးအေးမာ။** ။ အဲဒါလေးသိချင်လို့။

**ဦးလွင်။** ။ အဲဒါ ပြန်လည်ဖွဲ့စည်းတဲ့ကိစ္စက နှစ်နှစ်လောက်ရှိပါပြီ။ ပြီးခဲ့တဲ့ဟာတွေက သူတို့ အထက်ကို တင်ပြပြီးတော့ အထက်ကနေပြီးတော့ သူတို့ပြရင် သူတို့ဟိုဒင်းဖြစ်သွားတာပေ့ါ။ ရန်ကုန်တိုင်းက သူတို့က တော်တော်ကြာပြီး ယာယီအနေနဲ့သူတို့ကဖွဲ့ထားတာ။ ဆိုတော့ အခုပြန်လုပ်တာပေ့ါ။

**ဒေါ်အေးအေးမာ။** ။ ရန်ကုန်တိုင်းပဲလား။ တခြားတိုင်းတွေရော။

**ဦးလွင်။** ။ တခြားတိုင်းတွေကလည်း သူတိုင်းအလိုက်သူလုပ်နေတယ်။ တချို့လည်း ပြီးတာတွေလည်း ပြီးသွားပါပြီ။

**ဒေါ်အေးအေးမာ။** ။ အခု အဓိကလူတွေပြန်ထည့်တာမဟုတ်လား။ အဲဒီလိုမျိုးလားအန်ကယ်။

**ဦးလွင်။** ။ ဟုတ်တယ်။ လူဟောင်းတချို့၊ နေမကောင်းတဲ့လူတွေထွက်တယ်လေ။ တချို့က အကျဉ်းကျနေတော့ အဲ့ဒီမှာ အစားထိုးရတာပေ့ါ။ ဦးဘငြိမ်း၊ ဒေါ်စန်းစန်း အဲဒီလိုတခါတည်း တော်တော်များများပဲ အကျဉ်းကျတာ၊ အဝေးရောက်တာတွေ အဲဒီလိုတွေရှိတာပေ့ါ။ အဲဒီလိုတွေ နေရာဖြည့်ရတာပေ့ါ။

**ဒေါ်အေးအေးမာ။** ။ ဒါဆိုရင် အသစ်တွေနဲ့ပြန်ပြီးတော့အစားထိုးတာပေ့ါ ဟုတ်လား အန်ကယ်။

**ဦးလွင်။** ။ အသစ်နဲ့အစားထိုးတဲ့ဟာတွေလည်းရှိတာပေ့ါ။ နေမကောင်းလို့အနားယူတဲ့လူတွေဆိုလည်း အသစ် အစားထိုးသွားတာပေ့ါ။

**ဒေါ်အေးအေးမာ။** ။ ဒီ အကျဉ်းကျနေတဲ့လူတွေကျတော့ရော ဘယ်လိုလုပ်သလဲအန်ကယ်။

**ဦးလွင်။** ။ အကျဉ်းကျတဲ့လူတွေနေရာမှာ သူတို့အစားထိုးတယ်။ ထိုးတယ်ဆိုပေမဲ့လို့ ဒါ သူတို့အကျဉ်းကျလို့ပြန်ထွက်လာရင် သူတို့ ပြန်ပြီးတော့နေရာပေးရတယ်။ ဆိုတော့ အဲဒီလိုနေရာတွေမှာတော့ ယာယီဆိုပြီးတော့ တချို့ထားတယ်။ တချို့လည်း ကျနော်တို့ဖြည့်တယ်။ ဒါကတော့ တိုင်းအလိုက်ပဲ။

**ဒေါ်အေးအေးမာ။** ။ အခု ဒီလိုပြန်လည်ဖွဲ့စည်းတာဟာ အန်ကယ်တို့အဖွဲ့အစည်းထဲမှာ တခြားဘာတွေများထူးထူးခြားခြားရှိလို့လုပ်တာလဲအန်ကယ်။

**ဦးလွင်။** ။ ထူးထူးခြားခြားဆိုတာ သူကတော်တော်များများပဲ။ ဟို ယာယီတွေနဲ့ဖွဲ့ထားလို့ပါ။ သူတို့ပြန်လုပ်တာပါ။

**ဒေါ်အေးအေးမာ။** ။ တိုင်းနဲ့ပြည်နယ်တွေအနေနဲ့ကရော တခြားဘာတွေများလုပ်ဖို့ရှိသေးသလဲအန်ကယ်။

**ဦးလွင်။** ။ မနက်ဖြန်ဆိုရင် အန်ကယ်တို့ တိုင်းစည်းတွေနဲ့အစည်းအဝေးလုပ်မယ်လေ။

**ဒေါ်အေးအေးမာ။** ။ ဆိုတော့ အဲဒါတွေကရော တခြားအရေးကြီးတဲ့ ထူးခြားမှုအခြေအနေကြောင့်လားအန်ကယ်။

**ဦးလွင်။** ။ အဲဒါကတော့ အစည်းအဝေးမှာ သူတို့ တိုင်းအလိုက်တင်ပြတဲ့အပေါ်မှာ တည်မှာပေါ့လေ။

**ဒေါ်အေးအေးမာ။** ။ ဆိုတော့ တိုင်းနယ်ပြည်နယ်တွေက ရန်ကုန်မှာပဲအားလုံးစုပြီးတော့ လာကြတာပဲလားအန်ကယ်။

**ဦးလွင်။** ။ ဟုတ်ကဲ့၊ မနက်ဖြန်ဆိုရင်စပြီး ---

**ဒေါ်အေးအေးမာ။** ။ တလောတုန်းကလည်း တိုင်းနဲ့ပြည်နယ်က အန်ကယ်တို့လုပ်သေးတယ်နော်။

**ဦးလွင်။** ။ ဟုတ်တယ်။ အဲဒါက မကြာမကြာလုပ်ပေးရတယ်။ တိုင်းတွေမှာက ရုံးတွေမရှိပဲကိုး။

**ဒေါ်အေးအေးမာ။** ။ ဒါဆိုရင် တိုင်းနဲ့ပြည်နယ်တွေကနေပြီးတော့ တင်ပြတဲ့အပေါ်မူတည်ပြီးတော့ ထူးခြားမှုတွေလည်းရှိလာနိုင်တယ်ပေါ့နော်၊ အဲလိုမျိုးပေါ့။

**ဦးလွင်။** ။ အဲ အဲ ဟုတ်တယ်။ အနည်းဆုံးတရက်တော့ကြာမှာပဲ။ သို့သော်လည်း အခြေအနေအရပေါ့လေ။ နည်းနည်းကြာမယ်ဆိုရင်လည်း ကြာနိုင်တာပေါ့။ နှစ်ရက်လောက်ပေါ့အလွန်ဆုံး။

**ဒေါ်အေးအေးမာ။** ။ တိုင်းနဲ့ပြည်နယ်တွေကရော စုံပြီးလားအန်ကယ်။

**ဦးလွင်။** ။ ဒီနေ့တော့ တော်တော်များများတွေ့တယ်။ ရခိုင်ကတွေ့တယ်လေ။ စစ်ကိုင်းကတွေ့တယ်။

**ဒေါ်အေးအေးမာ။** ။ အန်ကယ်တို့ဗဟိုကရော သူတို့ကို ဘယ်လိုမျိုးတွေချပြဖို့ရှိလဲအန်ကယ်။

**ဦးလွင်။** ။ ဒီဟာကတော့ သူတို့တင်ပြတဲ့အပေါ်မှာဆွေးနွေးမယ်။ တခြား အဲဒီ့ အများနဲ့ပတ်သက်တဲ့ ဟာကတော့ ဗဟိုကနေပြီးတော့ အဖြေပေးရမှာပေါ့လေ။

**ဒေါ်အေးအေးမာ။** ။ အခု မြန်မာစစ်အစိုးရနဲ့ အန်ကယ်တို့ရဲ့ဆက်ဆံရေးအခြေအနေကရော။

**ဦးလွင်။** ။ ဆက်ဆံရေးအခြေအနေကတော့ သိပ်ပြီးတော့မထူးခြားပါဘူး။ အသစ်ဆက်ဆံတာ နယ်တွေမှာ ပဲရှိပါတယ်။ ဗဟိုမှာကတော့ အစကတည်းကမရှိဘူး။ မရှိဘူးဆိုပေမဲ့လို့ ဟိုဒင်းပေါ့လေ တပြည်လုံးအတိုင်းအတာနဲ့ ဥပမာ ဗိုလ်ချုပ်သန်းထွန်းတို့ဆိုရင် နိုင်ငံရေးပါတီတွေနဲ့ဆက်ဆံရတာပေါ့လေ။ အဲ အဲဒါကျတော့ သူတို့ လူစား တင်တာမတွေ့သေးဘူး။

**ဒေါ်အေးအေးမာ။** ။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကိုတော့ ဒီ ပါတီတွေနဲ့မဆက်ဆံရဘူး၊ မဆက်သွယ်ရဘူးဆိုပြီး စာတွေပို့တယ်လို့ကြားတယ်။ အန်ကယ်တို့ရော ဘာတွေကြားသေးလဲအန်ကယ်။

**ဦးလွင်။** ။ အဲ ဟုတ်ပါတယ်။ ဒါ သူတို့အပစ်ရပ်စဲရေးအဖွဲ့အလိုက် ဟို လုပ်ရတဲ့စာချုပ် အဲဒါ အရင် နဝတလက်ထက်ကတည်းကရှိတယ်။ ဒီအတိုင်းပါပဲ။ အချက်အလက်တွေတော်တော်များများရှိတယ်။ အဲဒါ သူတို့သဘောတူညီနိုင်းပြီး လက်မှတ်ရေးထိုးကြတာပဲ။

**ဒေါ်အေးအေးမာ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးလွင်ကို ဗွီအိုအေကဆက်သွယ်မေး မြန်းခဲ့ခြင်းဖြစ်ပါတယ်ရှင်။